EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၃)၊ ဩဂုတ်လ(၂၇) ရက်၊ ၂၀၁၆

## တောင်သမန်ကျေးလက် Resort စီမံကိန်းကို ရပ်ဆိုင်းရန် စိစစ်




ဩဂုတ် ၁၉၊ ၂၀၁၆

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် တောင်သမန်အင်းအနီးတွင် တောင်သမန်သစ္စာကုမ္ပဏီမှ အကောင်အထည်ဖော်နေသည့် တောင်သမန်ကျေးလက် Resort စီမံကိန်းကို ရပ်ဆိုင်းနိုင်ရန် စိစစ်နေကြောင်း မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော က ပြောကြားသည်။

စီမံကိန်းတစ်ခု ပြုလုပ်လျှင် ပြည်သူအတွက် အကျိုးရှိ မရှိ၊ နိုင်ငံတော်အတွက် အကျိုး ရှိ မရှိကို ကြည့်ရှုရမည်ဖြစ်ကြောင်း၊ အစိုးရအတွက် မဟုတ်ဘဲ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိသည့် စီမံကိန်းများကိုသာ ပြုလုပ်ရမည်ဟု ၎င်းက ဆိုသည်။ အဆိုပါ စီမံကိန်းအပြင် လက်ရှိတွင် မန္တလေးတိုင်းအတွင်းရှိ စီမံကိန်း တော်တော်များများကို စိစစ်နေကြောင်း ၎င်းကပြောဆိုသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တရားဝင်စာဖြင့် ညွှန်ကြားချက် မရှိကြောင်း၊ မိမိတို့ အနေဖြင့် EIA (Enviromental Impact Assessment)/ SIA (Social Impact Assessment) တင်ပြရမည် ဆိုသဖြင့် ဆောင်ရွက်နေပြီး စီမံကိန်း ရပ်နားထားသည်မှာ တစ်လခန့် ရှိပြီဖြစ်ကြောင်း တောင်သမန်သစ္စာကုမ္ပဏီ ပြန်ကြားရေးတာဝန်ခံက ပြောသည်။ စီမံကိန်းအတွက် မြေ ၄၀.၂၇ ဧကကို ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင်လည်းကောင်း၊ မြေ ၅၈.၈၃ ဧကကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လည်းကောင်း မန္တလေးတိုင်းဝန်ကြီးချုပ်ဟောင်း ဦးရဲမြင့် ဦးဆောင်သည့် အစိုးရအဖွဲ့က ခွင့်ပြုပေးခဲ့သော်လည်း လက်ရှိအချိန်ထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC) က ခွင့်ပြုခြင်း မရှိသေးပေ။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

## မွန်ပြည်နယ် စည်ပင်အခွန်ကောက်ဥပဒေပြဋ္ဌာန်းရန် လိုအပ်ဟု ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌပြောဆို




ဩဂုတ် ၂၄၊ ၂၀၁၆

မွန်ပြည်နယ် စည်ပင်သာယာရေး ဥပဒေကို ၂၀၁၂ ခုနှစ် ကတည်းက ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း ယနေ့အထိ စည်ပင်သာယာရေးနည်းဥပဒေနှင့် အခွန်ကောက်ဥပဒေ မရှိသေးသဖြင့် ပြည်နယ်အစိုးရအဖွဲ့က ယင်းဥပဒေများ ပြဋ္ဌာန်းရန်လိုအပ်နေကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောကြားသည်။

"စည်ပင်ဥပဒေကထွက်တဲ့ နည်းဥပဒေ မရှိသလို၊ စည်ပင်အခွန်ကောက်ဥပဒေမရှိဘူး။ ဘယ်အစိုးရပဲဖြစ်ဖြစ် အခွန်ကောက်ဥပဒေရှိမှသာလျှင် အခွန်ကောက်ခံပိုင်ခွင့်ရှိတယ်။ ဒါအမြန်ဆုံး အခွန်ကောက်ဥပဒေကို တင်ပြအတည်ပြုဖို့လိုပါတယ်။ဥပဒေပြဋ္ဌာန်းပြီးတော့ အကောင်အထည်ဖော်မှု မရှိရင်တော့ ဒါအိပ်ပျော်နေတဲ့ ဥပဒေဖြစ်ပါမယ်" ဟု ၎င်းကပြောဆိုသည်။

မွန်ပြည်နယ် စည်ပင်သာယာရေး ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် ထိုဥပဒေကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သော်လည်း အားနည်းချက်၊ လိုအပ်ချက်များ ရှိနေသေးကြောင်း ၎င်းကပြောကြားသည်။

"စည်ပင်သာယာရေးအဖွဲ့ရဲ့ ရွေးချယ်ပုံ၊ ဖွဲ့စည်းပုံတွေမှာ တကယ့်ဒီမိုကရက်တစ်မပါဘူး၊ အုပ်ချုပ်သူလူတန်းစားသာလျှင် ပုံဖော်စိတ်ကြိုက် ရွေးချယ်ပြီးတော့ ဖွဲ့စည်းတဲ့သဘောမျိုး ဖြစ်နေတယ်" ဟု ဒေါက်တာအောင်နိုင်ဦးက ထောက်ပြသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

EMReF
Enlightened Myanmar Research Foundation

## ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နှစ်ရက်သာကျင်းပ

ချင်းပြည်နယ်လွှတ်တော် ဒုတိယအကြိမ် တတိယပုံမှန်အစည်းအဝေးကို ဩဂုတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဟု ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးဇိုဘွဲ့ ထံမှသိရသည်။ "နှစ်ရက်ထဲမှာ မပြီးဘူးဆိုရင် နေ့တိုးပြီးတော့ဆက်လုပ်မယ်။ ခုထိတော့ မေးခွန်းနဲ့ အဆိုက စုစုပေါင်း ၃၀ ကျော်ရောက်လာပြီ" ဟု ၎င်းကပြောသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ထန်တလန်မြို့နယ် ပြည်နယ်အမတ် ဒေါက်တာမှုထန်နှင့် ဦးဇန်ထောင်းတို့သည် ပါတီ ညီလာခံ တက်ရောက်သဖြင့် ခွင့်ယူထားကြောင်းသိရသည်။

ချင်းပြည်နယ်တွင် ပြည်နယ်လွှတ်တော်အမတ် ၁၈ ဦးနှင့် တပ်မတော်မှ တိုက်ရိုက်ခန့်အပ်သော တပ်မတော်သား ကိုယ်စားလှယ် ၆ ဦး စုစုပေါင်း ကိုယ်စားလှယ် ၂၄ ဦးရှိသည်။

ယင်းတို့တွင် NLD လွှတ်တော်အမတ် ၁၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော် အမတ်၂ ဦးနှင့် USDP လွှတ်တော်အမတ် ၄ ဦး ရှိခဲ့သော်လည်း ကန်ပလက်မြို့နယ် USDPမှ ပြည်နယ်လွှတ်တော် တစ်ဦးကို ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုထင်ရှားသဖြင့် ဩဂုတ်လ၊




၁၆ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တီမှ ယင်းနေရာအား NLD လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အနိုင်ပေးခဲ့သည်။ ယင်းကြောင့် လက်ရှိတွင် ချင်းပြည်နယ်လွှတ်တော်၌ အမတ် ၁၈ နေရာတွင် NLD ပါတီမှ အမတ် ၁၃ ဦး ရှိလာမည်ဖြစ်သည်။

ကိုကား - Chin World Facebook Page

## သတင်းဓာတ်ပုံ




ဩဂုတ်လ ၂၁ ရက်နေ့တွင် မုံရွာမြို့ မြို့တော်ခန်းမတွင် ကျင်းပသော Stakeholders' Consultation Meeting on Sustainable Development အခမ်းအနားသို့ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပညာရှင်များ တက်ရောက်ဆွေးနွေးစဉ်




ဩဂုတ်လ ၂၄ ရက်နေ့ ၊ နံနက် (၁၀:၀၀)နာရီအချိန်တွင် ကရင်ပြည်နယ်လွှတ်တော်ရုံး၌ ကရင်ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေး ကျင်းပနေစဉ်

| ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ် | စုစည်းတင်ပြသူ<br>ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း | ဆက်သွယ်ရန်<br>---------<br>၀၉ ၂၆၀၀၀၇၅၁၉ |
|---|---|---|

www.emref.org    www.facebook.com/emrmyanmar

## သတင်းတို

➤ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံသစ်တည်ဆောက်နေမှု ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း လွှတ်တော်ဒုဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက ပြောကြားသည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး လက်ရှိအချိန်၌ အသံပိုင်းနှင့် လျှပ်စစ်မီး စသည်တို့သာ လုပ်ဆောင်ရန် လိုတော့ကြောင်း ၎င်းက ရှင်းပြသည်။ လက်ရှိအစိုးရသစ်လက်ထက်အတွင်း ခြံစည်းရိုး၊ လမ်း၊ လေအေးပေးစက်များတပ်ဆင်ခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းဆိုင်ရာ ကိစ္စများအတွက် တင်ဒါခေါ်ယူ လုပ်ဆောင်ခဲ့ရကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

➤ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နယ်မြေမငြိမ်းချမ်းမှုကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သော ရှမ်းပြည်နယ်ရှိ မိုင်းရှူးနှင့် ကျေးသီးမြို့နယ်တို့မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) နေရာ လစ်လပ်နေသည်။ ထို့ကြောင့် ယင်းမဲဆန္ဒနယ်များ၌ ၂၀၁၇ နှစ်ဆန်းပိုင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရန် စီစဉ်ထားသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်က ပြောကြားသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ ပန်ဆန်း၊ ပန်ဝိုင်၊ မိုင်းမော၊ နားဖန်း၊ မက်မန်းမြို့နယ်များတွင်လည်း ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း မရှိခဲ့ပါ။

*(ကိုးကား - www.usdp.org.mm မှ ကောက်နုတ်တင်ပြသည်)*

### ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၂ | ၂ | – | ၄ |
| ၂။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၁ | ၁ | ၆ | ၈ |
| ၃။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ | ၅ | – | ၂ | ၇ |
| ၄။ | အစိုးရအဖွဲ့၏ အာမခံချက်များ၊ကတိများ၊တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီ | ၃ | ၁ | ၃ | ၇ |
| ၅။ | စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကော်မတီ | ၃ | ၁ | ၁ | ၅ |
| ၆။ | ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးကော်မတီ | ၂ | ၁ | ၂ | ၅ |
| ၇။ | လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂ | ၁ | ၂ | ၅ |
| ၈။ | ဥပဒေလေ့လာသုံးသပ်ရေး ကော်မရှင် | – | ၁ | ၈ | ၉ |

### ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၅ | ၁ | – | ၆ |
| ၂။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၄ | ၁ | ၂ | ၇ |
| ၃။ | တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာ ကော်မတီ | ၅ | – | ၁ | ၆ |
| ၄။ | အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်၊ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေး ကော်မတီ | ၆ | ၁ | – | ၇ |

### ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ | ၄ | ၁ | – | ၅ |
| ၂။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | – | ၁ | ၈ | ၉ |
| ၃။ | တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာ ကော်မတီ | ၃ | ၁ | ၇ | ၁၁ |
| ၄။ | တိုင်ကြားစာနှင့် အသနားခံစာ၊ တင်ပြစာများနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ | ၂ | ၁ | ၈ | ၁၁ |
| ၅။ | ဘဏ္ဍာရေးစီမံကိန်းနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ | ၂ | ၁ | ၄ | ၇ |
| ၆။ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ကြည့်ရေးကော်မတီ | ၄ | ၁ | ၆ | ၁၁ |

EMReF
Enlightened Myanmar Research Foundation

သတင်းစာစဉ် အမှတ် - ၁၂ တွင် ကချင်ပြည်နယ်နှင့် ကယားပြည်နယ် လွှတ်တော်များရှိ ရေးရာကော်မတီများကို ထည့်သွင်းဖော်ပြခဲ့သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ရေးရာကော်မတီများကို အလျဉ်း သင့်သလို ဆက်လက် ဖော်ပြပေး သွားပါမည်။

အချက်အလက် အရင်းအမြစ် EMReF